မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 2 , 2026 Volume 99 , Number 1

၂. ၂.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၉၁.၄၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၂.၁၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၇၇.၀၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၁.၂၉ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၃၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၂.၇၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၄၈ ကျပ် |

CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မတ်ပဲနဲ့ပဲစင်းငုံနီ ဆက်တိုက်ဈေးတက်ပြီး ပဲတီစိမ်းဈေးငြိမ်

## တစ်ပတ်အတွင်း သီးနှံဈေးကွက်သုံးသပ်ချက် (၂၆. ၁.၂၀၂၆ မှ ၃၀. ၁. ၂၀၂၆)




မတ်ပဲ ဈေးနှုန်းဆက်တိုက် မြင့်တက်လာပြီး ယခုတစ်ပတ်မှာ တစ်တန်ကို သိန်း ၃၀ ကျော်အထိ ရှိလာပါတယ်။

မတ်ပဲနဲ့ပဲစင်းငုံနီက ဈေးကွက်ဆက်တိုက်မြင့်တက်လာပြီး ပဲတီစိမ်းကတော့ ဈေးငြိမ်နေပါတယ်။

**မတ်ပဲ**

မတ်ပဲ ဈေးနှုန်းဆက်တိုက် မြင့်တက်လာပြီး ယခုတစ်ပတ်မှာ တစ်တန်ကို သိန်း ၃၀ ကျော် အထိရှိလာပါတယ်။ အိန္ဒိယမှာ စိုက်ခင်းတွေ ရေနစ်ပျက်စီးပြီး စားနပ်ရိက္ခာအတွက် လိုအပ်ချက်ရှိနေတဲ့အတွက် မြန်မာကနေဝယ်ယူမှုကြောင့် ဝယ်လိုအားကောင်းတာကြောင့် ဈေးတက်လာနေတာဖြစ်တယ်လို့ သိရပါတယ်။

အလားတူပို့ကုန်ရငွေ ဖြေလျှော့မှုကြောင့်လည်း ဈေးတက်လာတာ ဖြစ်ပါတယ် ။

ပြည်တွင်း မတ်ပဲ ဈေးတက်လာသလို FOB ဈေးကလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၆၀ မှ ၇၇၀ ရှိပြီး အရင်တစ်ပတ်ကထက် ဒေါ်လာ ၂၀ လောက် ထပ်တက်လာပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အခုတစ်ပတ်တနင်္လာနေ့ကနေ သောကြာနေ့ အထိ တစ်ပတ်အတွင်းတစ်တန်ကို ၂,၈၇၅,၀၀၀ ကျပ်မှ ၃,၀၄၉,၀၀၀ကျပ် ဈေးရှိလာပါတယ် အရင်အပတ်ကမတ်ပဲ FAQ တစ်တန်ကို ၂,၇၆၃,၀၀၀ မှ အမြင့်ဆုံး ၂,၈၇၃,၀၀၀ ကျပ် အထိသာရှိခဲ့ပါတယ်။တစ်ပတ်အတွင်း တစ်တန်ကို ၂ သိန်းနီးပါး ဈေးတက်လာတာပါ။

**ပဲစင်းငုံ**

ပဲစင်းငုံနီကလည်း အခုတစ်ပတ်မှာဈေးထပ်တက်လာပြီး တစ်တန်ကို ၃ သိန်းကျော်လောက်အထိ ထပ်မံမြင့်တက်လာတယ်လို့ သိရပါတယ် ။

ပဲစင်းငုံနီက လက်ရှိမှာ အိန္ဒိယက ဝယ်လိုအားရှိနေတဲ့အတွက် ဈေးနှုန်းမြင့်တက်နေတာဖြစ်ပါတယ်။ ပဲစင်းငုံနီက အခုနှစ်ပြည်တွင်းမှာ ပဲအထွက်နည်းပြီး ဈေးကွက်ထဲကို ကုန်ပစ္စည်းအဝင်နည်းတာကြောင့်လည်း ဈေးတက်လာတာဖြစ်ပါတယ်။ ပြည်ပ FOB ဈေးကလည်း အမေရိကန်ဒေါ်လာ ၇၇၀ မှ ၇၈၀ အတွင်းအထိရှိလာပြီး အရင်တစ်ပတ်ကထက် ဒေါ်လာ ၃၀ ထပ်တက်လာပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ပဲစင်းငုံနီ( 2026 crop) တစ်တန်ကို တနင်္လာနေ့ကနေသောကြာနေ့အထိ တစ်ပတ်အတွင်း ၃,၀၉၀,၀၀၀ ကျပ် မှ ၃,၃၀၆,၀၀၀ ကျပ်အတွင်းရှိပါတယ်။

အရင်အပတ်က ပဲစင်းငုံနီ ( 2026 crop) တစ်တန်ကို ၂,၈၇၂,၀၀၀ ကျပ်မှ ၃,၀၂၅,၀၀၀ ကျပ်သာ ရှိခဲ့ပါတယ်။

**ပဲတီစိမ်း**


ပဲတီစိမ်းကတော့ တရုတ်အဝယ်ရှိနေပေမဲ့လည်း ပြည်တွင်းဈေးကွက်မှာ ဈေးငြိမ်နေဆဲ ဖြစ်ပါတယ်။ ဆောင်းပဲတီစိမ်းတွေလည်း မကြာခင်မှာ ဈေးကွက်ထဲကို ဝင်ရောက်ဖို့ရှိနေပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ ပဲတီစိမ်း သုံးတင်းတစ်အိတ် ၅၆ ဒသမ ၂၅ ပိဿာကို ၂၉၀,၀၀၀ ကျပ်ဝန်းကျင်သာ ရှိပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာလည်း ပဲတီစိမ်းခရမ်းရွှေဝါနဲ့ ပဲတီစိမ်းနဲ့ပဲခူးရွှေဝါ တစ်ပိဿာကို ၆၁၆၅ ကျပ်ရှိပြီး ပဲတီစိမ်း အညာက ၅၅၀၀ ကျပ်မှ ၅၅၂၀ ကျပ်နဲ့ ပဲတီစိမ်း ဝါးခယ်မက ၆၀၀၀ မှ ၆၀၂၀ ကျပ်သာ ရှိပါတယ်။

**Source :** https://htwettoe.com/

## တစ်ပိုင်တစ်နိုင်စိုက်ပျိုးသော ရှောက်သီးများဈေးကောင်းရရှိ



ကျောက်ဆည်ခရိုင်အတွင်းရှိ တောင်သူဦးကြီးများသည် စားဖိုဆောင်းသီးနှံဖြစ်သော ငရုတ်၊ ကြက်သွန်၊ ပဲ၊ နှမ်းသီးနှံများအပြင် စီးပွားဖြစ်ဝင်ငွေတိုးသော ရှောက်ပင်များကိုလည်း စိုက်ပျိုးလာကြသည်။

ရှောက်ပင်အမျိုးအစားများမှာ ဗမာမျိုး၊ ရှောက်ဘီလူးမျိုး၊ ရှောက်သခွားမျိုးဟူ၍ စိုက်ပျိုးကြပြီး အများဆုံးစိုက်ပျိုးသောမျိုးမှာ ဗမာမျိုးများဖြစ်ပြီး၊ ဗမာရှောက်သီးမျိုးသည် အခွံပါး၍ အရည်ရွှမ်းသောကြောင့် လူကြိုက်များကြောင်း၊ ခရိုင်အတွင်း ရှောက်ပင်ကို ဧကလိုက် စိုက်ပျိုးမှုမရှိသော်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ အပင်လျှင်မြန် ကြီးထွားစေရန်နှင့် ပန်းပွင့်ချိန်နှင့်အသီးပေါ်ချိန်များတွင် ရေလုံလောက်စွာသွင်းပေးရပြီး မြေဆီ မြေသြဇာ ကျွေးရကြောင်း၊ စိုက်ပျိုးပြီး တစ်နှစ်နှင့် တစ်နှစ်ခွဲသားတွင် စတင်၍အသီးသီးကြောင်း၊ အချို့စိုက်ပျိုးသူများမှာ ရှောက်ကိုင်းဆက်ပျိုးပင်ကို ဝယ်ယူစိုက်ပျိုးပါက ၆ လ ၁ နှစ် အကြာတွင် စတင်၍သီးကြောင်း၊ အပင်အောင်မြင်ဖြစ်ထွန်းပါက တစ်ပင်လျှင် ၃၀-၄၀ လုံးခန့်သီးကြောင်း၊ ရှောက်သီးဈေးနှုန်းအနေဖြင့် လက်ကား ၁လုံးလျှင် ၃၀၀ကျပ်၊ လက်လီတစ်လုံးလျှင် ၅၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့်ပွဲစားများမှ ရှောက်သီးစိုက်ပျိုးသောခြံအထိ လာရောက်ဝယ်ယူကြကြောင်း ၊ ပွဲစားများမှတစ်ဆင့် ရန်ကုန်မြို့၊ မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ရှောက်ပင်စိုက်ပျိုးရာတွင် အသီးသာမက အညွန့်ပါ ရောင်းချရသောကြောင့် စိုက်ပျိုးရကျိုးနပ်ကြောင်း၊ ရှောက်သီးစားသုံးခြင်းဖြင့် လေငန်းရောဂါ၊ သွေးတိုးရောဂါ၊ အစာ

မကြေခြင်းနှင့် အတက်စာများ စားသုံးမိပါက ရောက်သီးဖျော်ရည်ကို သောက်ပေးရကြောင်း၊ ရောက်ရွက် စားသုံးပေးခြင်းဖြင့် လေငန်းရောဂါ သက်သာပျောက်ကင်းစေကြောင်း သိရသည်။

**Source : DOCA(မန္တလေး)**

## နေပြည်တော်တွင် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် ၆ ရက်ကြာကျင်းပမည်



၇၉နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့ အနေနဲ့ ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၈ ရက်ကနေ ၁၃ ရက်အထိ ၆ ရက်ကြာ ကျင်းပသွားမှာဖြစ်တယ်လို့အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကနေ သိရပါတယ်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော်မှာ ဝန်ကြီးဌာနပြခန်းတွေ၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ပြည်နယ် MSME ပြခန်းတွေ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချတဲ့ဆိုင်ခန်းတွေ၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုတွေ၊ နည်းပညာပြခန်းတွေ၊ လယ်ယာသုံးစက်ပစ္စည်းနဲ့ထုတ်ကုန်ပြခန်းတွေ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနဲ့ ကုန်ထုတ်သမဝါယမပြခန်းတွေ၊ အသင်းအဖွဲ့ပြခန်းတွေ၊ Solar Farmတွေ၊ SKD ဦးစားပေး EVကား/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ်ပြခန်းတွေ၊ CMPအထည်ချုပ်ပြခန်းတွေအပါအဝင် ပြခန်းပေါင်း ၁၂၀ကျော်နဲ့ ပြင်ပကုမ္ပဏီ၂၉ခု တို့ ပါဝင်ပြသရောင်းချသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့ပြင် ပြပွဲမှာ ဖေဖော်ဝါရီ ၈ ရက်ကနေ ၁၁ ရက်အထိ နိုင်ငံကျော်အဆိုတော်တွေ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေလည်းပါဝင်ပြီး ပျော်ပွဲရွှင်ပွဲတွေလည်း ထည့်သွင်းကျင်းပမှာဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာ ပြပွဲကျင်းပရေးဗဟိုကော်မတီက ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းတာဝန်တွေ စနစ်တကျ အချိန်မီပြီးစီးဖို့ ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## တရုတ်ဝယ်လက် လိုက်လာလို့ ရှမ်းတောင်ထွက်ကော်ဖီ ဈေးကောင်းရနေ



ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်ရှိသောအာရေးဗီးကား ကော်ဖီအမျိုးအစားကို တရုတ်ဝယ်လက်များက ခြံထဲအထိ လိုက်ဝယ်ပြီး ဈေးကောင်းပေး ဝယ်နေခြင်းကြောင့် ယခုနှစ်တွင် ဈေးကောင်းရရှိနေကြောင်း ဒေသခံကော်ဖီစိုက် တောင်သူများထံမှ သိရပါတယ်။

ရှမ်းပြည်တောင်ပိုင်းရှိ ပင်လောင်းမြို့နယ်၊ ရွာငံမြို့နယ်၊ ဟိုပုံးမြို့နယ်၊ မဲနယ်တောင်ဒေသများမှ ထွက်ရှိသော ကော်ဖီများမှာ ဒေသခံပွဲစားတွေနဲ့ တရုတ်ဝယ်လက်တွေက ကော်ဖီခြံများထဲထိဆင်း၍ ဈေးပြိုင်ပေးဝယ်နေကြခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

ပြီးခဲ့တဲ့နှစ်က ကော်ဖီ တစ်ပိဿာ ၇ ထောင်ကျပ်သာအများဆုံး ရရှိခဲ့ပေမဲ့ အခုနှစ်မှာတော့ တစ်ပိဿာ ၁၂,၀၀၀ ကျပ်ဖြင့် ပေးဝယ်နေကြတယ်လို့ သိရပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လောင်း ၊ ရွာငံ ၊ ဟိုပုံးမြို့နယ်တို့တွင် ကော်ဖီအများဆုံး စိုက်ပျိုးကြပြီး စိုက်ဧကပေါင်း ၅ သောင်းနီးပါးရှိကြောင်း သိရပါတယ်။

အဆိုပါဒေသများမှ စိုက်ပျိုးထွက်ရှိလာသည့်ကော်ဖီများကိုလည်း တရုတ်နဲ့ထိုင်းနိုင်ငံတို့ကိုသာ အဓိကတင်ပို့လျက်ရှိကြောင်း ဒေသခံကော်ဖီစိုက်တောင်သူများထံက သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဒီဇိုင်းဆန်းဖြင့်ဖန်တီးထားသော မြင်းနှစ်အံပေါင်းစာအိတ်များ စိတ်ဝင်စားသူများပြီး အရောင်းသွက်နေ



ဒီဇိုင်းဆန်းဖြင့် ဖန်တီးထားသော တရုတ်ရိုးရာ မြင်းနှစ်အံပေါင်းစာအိတ်များ ပြည်တွင်းဈေးကွက်သို့ တွင်ကျယ်စွာဝင်ရောက်လျက်ရှိရာ စိတ်ဝင်စားသူများပြီး အရောင်းသွက်နေကြောင်း တရုတ်နှစ်ကူးအတွက် ပြင်ဆင်နေကြသူများထံကသိရပါတယ်။

ယခု ၂၀၂၆ ခုနှစ်တွင် တရုတ်ရိုးရာ ရာသီခွင်အရ မြင်းနှစ် ကျရောက်သည့်အတွက် တရုတ်နှစ်သစ်ကူး နှင့် အခါကြီးရက်ကြီးများတွင် အသုံးပြုမည့် အံပေါင်းစာရွက်များပေါ်၌ မြင်းရုပ်ကလေးများကို ဒီဇိုင်းဆန်းများစွာ ဖန်တီး၍ ဈေးကွက်အတွင်း တွင်တွင်ကျယ်ကျယ် စတင်ရောင်းချနေခြင်းဖြစ်ကြောင်း သိရပါတယ်။

ဈေးကွက်ထဲမှာ အံပေါင်းအိတ်လေးတွေကို ဒီဇိုင်းဆန်းဆန်းလေးနဲ့ ရောင်းနေတာတွေ့ရတယ်။မြင်းနှစ်ဆိုတော့မြင်းရုပ်ကလေးတွေကို အရောင်စုံဖောင်းကြွပုံစံဒီဇိုင်းဆန်းလေးတွေ လုပ်ထားတယ်။ အံပေါင်းစာအိတ်လေးတွေက တော်တော်လေးလှတယ် လို့ လသာမြို့နယ်တွင် နေထိုင်သူတစ်ဦးက ပြောပါတယ်။

ယခုနှစ် ထွက်ရှိလာသော အံပေါင်းစာအိတ်များသည် ယခင်နှစ်များထက် ပိုမိုဆန်းသစ်တီထွင်ထားပြီး မြင်းရုပ်ပုံများကို ဖောင်းကြွ ပုံစံပြုလုပ်ထားခြင်း၊ ရွှေရောင်အက္ခရာများ ခမ်းနားစွာပြင်ဆင်ထားခြင်း၊ ကလေးငယ်များအတွက် မြင်းကလေးပုံစံကာတွန်းဒီဇိုင်းများနှင့် လူငယ်များအကြိုက် ရိုးရှင်းသည့် ဒီဇိုင်းများစွာလည်း ပြုလုပ်ထားခြင်းစသဖြင့် လက်ရာမြောက်သည့် အနုပညာပစ္စည်းတစ်ခုကဲ့သို့ပြုလုပ်လာကြခြင်းဖြစ်ပါတယ်။

လက်ရှိတွင် စာအုပ်ဆိုင်ကြီးများ၊ လက်ဆောင်ပစ္စည်းဆိုင်များ ၊ အွန်လိုင်းဈေးကွက်နှင့် Custom Made Logo ရိုက်နှိပ်ပေးသည့် ဝန်ဆောင်မှုပေးသည့် ဆိုင်များတွင် စတင်ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရပါတယ်။

**Source :** https://opinionleadersmedia.com/

## ဗီယက်နမ်နိုင်ငံ၏ ဒူးရင်းသီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၃ ဒသမ၈၆ ဘီလီယံအထိ စံချိန်တင်မြင့်တက်

ဗီယက်နမ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ဒူးရင်းသီးတင်ပို့မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၆ ဘီလီယံ တန်ဖိုးရှိပြီး ၂၀၂၄ ခုနှစ်ထက် ၂၀ ရာခိုင်နှုန်းကျော်မြင့်တက်လာခဲ့သည်။

အကောက်ခွန်စာရင်းအချက်အလက်များအရ ဒူးရင်းသည် ထိပ်တန်းသစ်သီးဝလံတင်ပို့မှုဖြစ်ပြီး ဗီယက်နမ်၏စုစုပေါင်းသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှရငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅၆ ဘီလီယံ၏ ၄၅ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်းသိရသည်။

စာရင်းအရ နောက်ထပ်ထင်ရှားသည့်ပို့ကုန်မှာ လတ်ဆတ်သောအုန်းသီးဖြစ်ပြီး ၃၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာကာ အမေရိကန်ဒေါ်လာ ၅၃၄ သန်းဖြင့် ဒုတိယအမြင့်ဆုံးဖြစ်သည်။ နဂါးမောက်သီးမှာ ဈေးအနည်းငယ်ကျဆင်းပြီးနောက် အမေ

ရီကန်ဒေါ်လာ ၅၂၆ သန်းဖြင့် ကပ်လျက်ရှိနေကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်သစ်သီးနှင့်ဟင်းသီးဟင်းရွက်အသင်း၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ Mr Dang Phuc Nguyen က ဒူးရင်းတင်ပို့မှုတိုးတက်မှုသည် အချို့သောဈေးကွက် များမှ ချမှတ်ထားသော အရည်အသွေးတင်းကြပ်မှုနှင့် အခြားလိုအပ်ချက်များကို လိုက်လျောညီထွေဖြစ်အောင်လုပ်ဆောင်နိုင်စွမ်းကြောင့်ဟု ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံသည် ပို့ကုန်များကို ထိန်းချုပ်ရန်နှင့် ဆက်လက်တိုးတက်ရန်အတွက် ဈေးကွက်အသစ်များရှာဖွေရန် လိုအပ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ ပြီးခဲ့သည့်နှစ်က လတ်ဆတ်သော ဒူးရင်းသီးနှင့် အေးခဲဒူးရင်းတင်ပို့ရန် သဘောတူညီချက်များကြောင့် တရုတ်နိုင်ငံသည် အကြီးဆုံးဈေးကွက်အဖြစ် ဆက်လက်တည်ရှိနေသည်။

အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဥရောပသို့ တင်ပို့မှုများသည် သိသိသာသာမြင့်တက်လာသည်ကို တွေ့ရှိရပြီး ယခုနှစ်တွင် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၉ မှ ၁၀ ဘီလီယံအထိရောက်ရှိရန် မျှော်မှန်းထားကြောင်း ရေးသားဖော်ပြထားသည်။

**Source: VN Express International**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

## ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုသည် ၂၀၂၆ ခုနှစ်တွင် တန်ချိန် ၇ ဒသမ ၇၃ သန်းရှိမည်ဟုခန့်မှန်း

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၇၃ သန်းခန့်တင်ပို့နိုင်ရန် မျှော်လင့်ထားကြောင်း ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန (MAE)၏အဆိုအရ သိရသည်။

ဝန်ကြီးဌာန၏ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ်တွင်နိုင်ငံ၏စုစုပေါင်းဆန်စိုက်ပျိုးဧရိယာဟက်တာ ၇ ဒသမ ၀၉ သန်းခန့် အထိရောက်ရှိမည်ဖြစ်ပြီး ယခင်နှစ်ထက် ဟက်တာ ၃၆,၀၀၀ လျော့နည်းသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ပျမ်းမျှအထွက်နှုန်းအနေဖြင့် တစ်ဟက်တာလျှင် ၆ ဒသမ ၁၄ တန်ခန့်ရှိပြီး ပြီးခဲ့သည့်နှစ်ထက် သုည ဒသမ၀၃ တန်မြင့်တက်လာမည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်ရာ စပါးထွက်ရှိမှုကို တန်ချိန် ၄၃ ဒသမ ၅၅ သန်းရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၂၅ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တန်ချိန် ၁၂,၀၀၀ တိုးလာမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ပြည်ပသို့ တင်ပို့မည့်ဆန်ကို မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင် အဓိကထားဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပြီး အခြားဒေသများတွင် ပြည်တွင်းစားသုံးမှုအတွက် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနှင့် တနင်းပြည်နယ်(ယခင် လောင်းအန်)၏အစိတ် အပိုင်းတစ်ခုတွင် စုစုပေါင်းစပါးထွက် ရှိမှုသည် ဟက်တာ ၃ ဒသမ၈၄ သန်းမှ တန်ချိန် ၂၃ ဒသမ ၃၄ သန်းအထိရှိနိုင်ကြောင်းခန့်မှန်းထားသည်။ ၎င်းတို့အနက် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသနှင့် ဟိုချီမင်းမြို့တို့တွင် ပြည်တွင်းစားသုံးမှုအတွက် တန်ချိန် ၈ ဒသမ ၉ သန်းခန့်အပြင် မျိုးစေ့နှင့် တိရစ္ဆာန်အစာအတွက်ပါ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက်တွင် ဆန်တန်ချိန် ၇ ဒသမ၇၃ သန်းခန့်နှင့်ညီမျှသည့် ပို့ကုန်ဈေးကွက် တင်ပို့နိုင်သောစပါးတန်ချိန် ၁၅ ဒသမ၆၄ သန်းခန့် ကျန်ရှိနေကြောင်း၊ ပို့ကုန်ဖွဲ့စည်းပုံတွင် အရည်အသွေးမြင့်နှင့် ရနံ့မွှေးသော ဆန်တန်ချိန် ၅ ဒသမ ၈ သန်းခန့်ပါဝင်မည်ဖြစ်ပြီး စုစုပေါင်းတင်ပို့မှု၏ ၇၅ ရာခိုင်နှုန်း၊ ကောက်ညှင်းဆန်တန်ချိန် ၇၇၃,၀၀၀ သို့မဟုတ် စုစုပေါင်းတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းခန့်နှင့်ပြုပြင်ရန်အတွက် ဆန်တန်ချိန် ၁ ဒသမ၁၆ သန်းနီးပါးစုစုပေါင်းတင်ပို့မှု၏ ၁၅ ရာခိုင်နှုန်းခန့်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၆ ခုနှစ် ပထမနှစ်ဝက်တွင် ဆန်တင်ပို့မှုမှာ တန်ချိန် ၄ ဒသမ ၀၁ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားပြီး ဒုတိယနှစ်ဝက်တွင် တင်ပို့မှုမှာ တန်ချိန် ၃ ဒသမ၇၂ သန်းခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါခန့်မှန်းချက်များအပေါ်အခြေခံ၍ MAE သည် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် စပါးရိတ်သိမ်းမှုအထွတ်အထိပ်ကာလများတွင် ဆန်တင်ပို့မှုမြှင့်တင်ရန် အဆိုပြုထားကြောင်းသိရသည်။

အရန်ဆန်အလုံအလောက်ထားရှိရန်၊ စည်းမျဉ်းစည်းကမ်းများလိုက်နာရန်နှင့် သိုလှောင်မှုအဆင့်များအားကောင်းစေရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာလုံးဆိုင်ရာနှင့် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုများနှင့်အညီ ဆန်တင်ပို့မှုနှင့် သွင်းကုန်များအလိုက် စီမံခန့်ခွဲမှု အခြေအနေများဖော်ဆောင်ရာတွင် ကုန်သွယ်မှုမြှင့်တင်ရေး၊ ပို့ကုန်ဈေးကွက်များနှင့် ထုတ်ကုန်ကဏ္ဍများကို ကွဲပြားစေရန် နှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းမှုကို ပိုမိုအသုံးပြုရန် အာဏာပိုင်များက အကြံပြုထားကြောင်း ဖော်ပြထားသည်။

**Source:** https://ricenewstoday.com/vietnam-forecasts-rice-exports-of-7-73-million-tonnes-in-2026/

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟနွိုင်းမြို့)**

## STOCK EXCHANGE (2.2.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Feb. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,778 (Shares) | 54,333,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 27 | 226,800 | 33,109,694 | 278,121 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 5,364 | 20,210,050 | 38,929,150 | 147,931 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 2,800 | +50 | +1.82% | 2,750 | 2,800 | 2,750 | 4,026 | 11,265,600 | 29,664,613 | 83,061 |
| TMH | 00005 | 3,200 | -50 | -1.54% | 3,250 | 3,250 | 3,200 | 18 | 58,150 | 12,823,224 | 41,034 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 2,261 | 3,628,600 | 19,977,223 | 32,962 |
| AMATA | 00007 | 4,100 | -100 | -2.38% | 3,900 | 4,100 | 3,900 | 462 | 1,802,200 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 5,620 | 17,142,000 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 2nd Feb. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 414.57 | +0.29 | +0.07% | 414.28 | 414.57 | 413.12 | 17,778 | 54,333,400 | 8 | 781,962 |

**Index chart**



# Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 2nd Feb, 2026

| Trading Volume | Trading Value |
| --- | --- |
| 187,790 (Shares) | 479,450,000 (MMK) |

## Main Board

As of 1:00 pm, 2nd Feb, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 17,778 (Shares) | 54,333,400 (MMK) |

| MYANPIX | 414.57 ▲ 0.29 |
| --- | --- |
| Total Volume (shares) | 17,778 |
| Total Value (MMK) | 54 mil |
| Listed Company | 8 |
| Market Cap. (MMK) | 781,962 mil |

| Name | Code | Price | Change |
| --- | --- | --- | --- |
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 2,800 | ▲ 50 |
| TMH | 00005 | 3,200 | ▼ 50 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,100 | ▼ 100 |
| MAEX | 00008 | 3,050 | ▼ 50 |

TIR